# မာတိကာ


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | အတုခိုး မမှားဖို့ | ၁၈ |
| ၂။ | စာပေအသိ | ၂၄ |
| ၃။ | မုဆိုးနားနီး မုဆိုး | ၃၀ |
| ၄။ | စည်းကမ်းအစ | ၃၃ |
| ၅။ | တာဝန်ယူစိတ် တာဝန်သိစိတ် | ၄၃ |
| ၆။ | နောက် ကျွန်တော်မငေးတော့ပါ | ၄၈ |
| ၇။ | အကျယ်ဆုံး လက်ခုပ်သံ | ၅၃ |
| ၈။ | ကုစား | ၅၈ |
| ၉။ | တစ်ချောင်းငင် | ၆၄ |
| ၁၀။ | အသုံးနှင့် အဖြုန်း | ၇၀ |
| ၁၁။ | အန္တရာယ်ကင်းတဲ့ပတ်ဝန်းကျင် | ၇၆ |
| ၁၂။ | အပျော်အပြက် | ၈၃ |
| ၁၃။ | တကယ်ဖြစ်ချင် တကယ်လုပ် | ၈၈ |
| ၁၄။ | ကိုယ်ချင်းစာစိတ် | ၉၅ |
| ၁၅။ | ပညာလို အိုသည်မရှိ | ၁၀၀ |
| ၁၆။ | ကတိသစ္စာ တည်သောခါဝယ် | ၁၀၆ |
| ၁၇။ | သား နားလည်ပါပြီဆရာ | ၁၁၂ |
| ၁၈။ | ငါးရာတန်လေးတစ်ရွက် | ၁၁၉ |
| ၁၉။ | အငြိုး | ၁၂၅ |
| ၂၀။ | အကောင်းဆုံး ကစားသမား | ၁၃၂ |
| ၂၁။ | စိတ်ကောင်းရှိဖို့ ပထမ | ၁၃၇ |


## စေတနာရောင်ပြန်ဟပ်စေသော်

ကျွန်တော်တို့ စာပေလောကတွင် ကိုယ်တိုင်ရေးစာအုပ်တစ်အုပ် ထုတ်ဝေနိုင်ရေးဟူသည် အိပ်မက်တစ်ခုလိုပင် ဖမ်းဆုပ်ရခဲလှသည်။ မောင်စည်သူ (အဖျောက်)က ကာလအတန်ကြာကပင် ကိုယ်တိုင်ရေးစာအုပ်တစ်အုပ် ထုတ်နိုင်ဖို့ ကြိုးပမ်းနေကြောင်း သူပြော၍ကျွန်တော်သိနေခဲ့သည်။ အခု သူ့စိတ်ကူးလေးအကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း ဖုန်းသတင်းပေးလာကတည်းက ကျွန်တော်သည် စာအုပ်လေးကို စိတ်ဝင်စားခဲ့သည်။ ပြီးတော့ ဝမ်းသာအားရလည်းဖြစ်နေခဲ့သည်။ အထူးသဖြင့် ကလေးဝတ္ထုဆိုသည့် စကားလေးအပေါ် . . ။

သည်နေရာတွင် စာရေးသူ မောင်စည်သူ၏ ပုံရိပ်လွှာနှင့် သူရေးသော စာပေအမျိုးအစားဟူ၍ အကန့်လေးနှစ်ခုခွဲကာ မောင်စည်သူအကြောင်းတွေကို ကျွန်တော် စောကြောမိသည်။ မောင်စည်သူနှင့်၊ ပြီးတော့ မောင်စည်သူရေးသားသောစာများနှင့် ကျွန်တော်စတင်ထိတွေ့နီးစပ်ခဲ့ပုံများက ကျွန်တော့်အာရုံတွင် ပူပူနွေးနွေးရှိနေဆဲဖြစ်သည်။

ပထမဦးစွာ မောင်စည်သူအကြောင်းပြောရလျှင် သူသည် ရိုးအေးတည်ငြိမ်ပြီး စံပယ်လိုမွှေးမြသော ကဗျာလေးတစ်ပုဒ်ဖြစ်သည်။ ဟန်ဆောင်ယဉ်ကျေးမှုကို သူ့ထံမှမတွေ့ရ။ ကျွန်တော်က သူနှင့်စတင်တွေ့ဆုံကတည်းကပင် လေးစားနှစ်လိုခြင်းအစွဲဖြင့် မောင်စည်သူဟုသာ ခေါ်တွင်ခဲ့သည်။ သူ့နှလုံးသားကို အနီးကပ်တစ်မျိုး၊ လှမ်းလှမ်းကတစ်ဖုံ ကျွန်တော်မြင်တွေ့ခဲ့သည်။ အစွန်းတရားကင်းသော သူ့စာများသည် စာရေးသူတစ်ယောက်ဖြတ်သန်းနေရသော ခေတ်ကာလနှင့် ကျင်လည်နေရသော ဝန်းကျင်ဘဝ၏ အငွေ့အသက်များ စွန်းထင်းနေသည်။ထို့အတူ လှပမွှေးပျံ့သော ကမ္ဘာလောကကြီး ဖြစ်ပေါ်လာစေချင်သော သူ့စေတနာကို သူ့စာများတွင် အတိုင်းသား မြင်တွေ့နေရသည်။ ဤသည်ကပင် ရိုးစင်းလှပသော သူ့နှလုံးသားပင် ဖြစ်သည်။

မောင်စည်သူက ရန်ကုန်နှင့်မနီးမဝေး၊ အဖျောက်မြို့ အပိုင်ထဲက ကျေးရွာစာသင်ကျောင်းလေးရဲ့ ကျောင်းဆရာ။ အရောင်အသွေးစုံ၊ အနံ့အရသာထုံလွှမ်းလှသော ဥယျာဉ်လေးတစ်ခုရဲ့ ဥယျာဉ်မှူးလေးတစ်ဦး။ ထို့အတူ ရင်နှင့်လွယ်ခဲ့ရသော သာငယ်လေးတစ်ဦးကိုလည်း ပိုင်ဆိုင်ထားလေပြီ။ ထိုကဲ့သို့သော မောင်စည်သူထံမှ ကလေးများဖတ်ဖို့ စာကောင်းပေမွန်လေးများ ထွက် ထွက်လာတတ်သည်မှာ အခါရာသီအလိုက် ပန်းများပွင့်နေသကဲ့သို့ သဘာဝတရားနှင့် လိုက်ဖက်လွန်းလှသည်။ သူ့ဘဝ သူ့နေထိုင်မှုနှင့် သူဖန်တီးသောစာ၊ ကဗျာများက အင်မတန်ဆီလျော်လှသည်။

တစ်ဖက်မှာ သူက ကျေးရွာကျောင်းဆရာလေးဖြစ်သလို တစ်ဖက်မှာလည်း သူကိုယ်တိုင်က အဝေးသင်တက်နေဆဲ ကျောင်းသား. . ။ သူ့ဘဝသည် မိသားစုဘဝနှင့် စာသင်ခန်းများကြား လုံးချာလည်နေသည်မှာ ကျွန်တော့်မျက်မြင်။ သို့သော် ရသမျှအချိန်လေးကိုလုကာ စာပေကို လေ့လာလိုက်စားသည်။ ကိုယ်တိုင်ဖန်တီးရေးသားသည်။ စာစောင်၊ မဂ္ဂဇင်း စုံအောင်ပေးပို့သည်။ သူ့စာမူလေးများ မကြာခဏဖော်ပြခံရသည့်အတွက် ကျွန်တော့်ဝမ်းသာကြည်နူးမှုက တစ်ခါတစ်ရံ စိုးရိမ်ပူပန်မှုများအဖြစ်ပင် ပြောင်းလဲသွားတတ်ပါသေးသည်။ စာမျက်နှာပေါ် ပါချင်ဇောသည် မှန်ရာပြောရလျှင် စာရေးသူတိုင်းတွင် ရှိနေတတ်သည်။ ထိုပါချင်ဇောကပဲ စာရေးသူ၏ ရေးသားဖန်တီးမှုကို အရောင်လွင့်သွားအောင် သင်းသတ်ပစ်တတ်သည် မဟုတ်ပါလား။

ကျွန်တော်ကတော့ ချစ်ခင်ရင်းစွဲဖြင့် ထိုသဘောထားကို မောင်စည်သူအား မကြာခဏ သတိပေးခဲ့ပါသည်။ ကျွန်တော့်သဘောထားကို မောင်စည်သူကလည်း နားလည်သည်ဟု ယုံကြည်ပါသည်။ အဘယ့်ကြောင့်ဟူ၍မူ သူရေးသားခဲ့သော စာများတွင် ပါပြီးရောသဘောဖြင့် ရေးထားခဲ့သောစာများ ယခုအချိန်အထိ ကျွန်တော် မတွေ့မြင်ရသေးသောကြောင့် ဖြစ်သည်။ ဘဝကပေးသော လက်တွေ့ရော၊ စာတွေ့ပါ သူ့မှာ ဝမ်းစာထိုက်သင့်သလောက် ဖူလုံနေပြီဖြစ်၍ မောင်စည်သူ့အပေါ် စိုးရိမ်ပူပန်မိသည့်အတွက် အခုတော့ ကျွန်တော် ပြန်အားနာနေရပြီ။ သူကလည်း သူ့တစ်နေ့တာ ဖြတ်သန်းမှုမှာ ကုတ်ကပ်ရလာသောအချိန်ဟူသမျှကို စာပေရေးသားခြင်းဖြင့်သာ ကုန်လွန်မွေ့လျော်နေသူ ဖြစ်နေလေပြီ မဟုတ်ပါလား။

ယခု မိုးသောက်ပန်း၊ ရွှေသွေး စသည့်စာစောင်များတွင် တစိုက်မတ်မတ် သူရေးသားခဲ့သော ကလေးဝတ္ထုတိုများကို စုစည်းပြီး စာအုပ်လေးတစ်အုပ် ထုတ်ဖို့ဖြစ်လာပြီ။ ထိုဝတ္ထုတို ၂၁ပုဒ်ကို ကျွန်တော်ဖတ်ကြည့်ရင်း ထိုမိုးသောက်ပန်း၊ ရွှေသွေးတို့ဖြင့် ကျွမ်းဝင်ခဲ့သော ငယ်ဘဝလေးကိုလည်း လွမ်းမိပြန်သည်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့မေ့လျော့နေသောအရာတစ်ခုကိုလည်း ဖျက်ခနဲ တွေးမိသည်။ ထိုအတွေးနှင့်အတူ မောင်စည်သူ၏ ဝတ္ထုတိုကလေးများကို အတတ်ပညာ၊ အနုပညာတို့ဖြင့် မချဉ်းကပ်ဘဲ အသိနှင့်သာ ချဉ်းကပ်မိသည့်အခါ အလွန်တရာ တန်ဖိုးရှိသော ဝတ္ထုလေးများဖြစ်ကြောင်း သိလာသည်နှင့်အမျှ ဤကဲ့သို့သော ဝတ္ထုလေးများကို ရေးသားဖန်တီးသူ မောင်စည်သူအား ကျေးဇူးလည်းတင်မိသည်။

ကျွန်တော်တို့သည် ငယ်ရာကကြီးလာသူများသာဖြစ်သည်။ ငယ်ဘဝလေးများအကြောင်းကိုလည်း မကြာခဏပင် လွမ်းလွမ်းဆွတ်ဆွတ် ပြန်ရေးသားခဲ့ဖူးသည်။ တကယ်တော့ ကျွန်တော်တို့က ကိုယ့်ငယ်ဘဝကိုသာ ပြန်တမ်းတနေတတ်ပြီး လက်ရှိငယ်ဘဝလေးများ၊ တစ်နည်းအားဖြင့် လက်ရှိကလေးဘဝ၊ လူငယ်ဘဝတို့မှာ ရှင်သန်ဖြတ်သန်းနေကြသော ကလေးများဖတ်ဖို့အတွက်စာ၊ ကဗျာတို့ရေးသားရန်ကိုမူ အခါများစွာ မေ့လျော့နေတတ်ကြသည်။ ရေးသင့်ရေးအပ်သည့်စာများလို့ပင် တစ်ခါတစ်ခါ နှလုံးမသွင်းမိကြ။ တစ်ခါတစ်ရံ ရေးချင်စိတ်ပြန်ပေါ်လာလျှင်လည်း ဤမှာအသက်အရွယ်ရှိ ကလေးများ၏ အာသီတ၊ စိတ်ပါဝင်စားမည့် အကြောင်းအရာတို့ကို ကိုယ်ချင်းစာနားလည်ပြီး သူတို့ ထင်းခနဲ၊ လင်းခနဲနားလည်သဘောပေါက်အောင် ရေးသားဖို့ အရေးကျတော့ လိုအပ်နေပြန်သည်။ ဆိုလိုသည်မှာ ကလေးစာပေရေးသားသူ မရှိမဟုတ်၊ အင်မတန်နည်းပါးခြင်းကို ဆိုလိုသည်။ ထို့အတွက် ကလေးစာပေသည် စာပေလောကတွင် အပေါက်ကြီးတစ်ခု၊ ကွက်လပ်ကြီးတစ်ခုလို ဖြစ်နေခဲ့သည်မှာ ကာလရှည်ကြာခဲ့လေပြီ။

ယခု မောင်စည်သူက ထိုကွက်လပ်ကြီးကို ဘဝအသိဖြင့် သိမြင်ပြီး သူ့နိုင်သမျှခွန်အားလေးဖြင့် တစ်တပ်တစ်အား ဖြည့်ဆည်းပေးလိုက်လေပြီ။ ထူးခြားချက်အနေဖြင့် ကလေးစာပေဆိုလိုက်သည်နှင့် ကလေးကဗျာ၊ ကလေးပုံပြင်၊ ကလေးပုံပြကာတွန်းတို့ကိုသာ ပြေးသတိရတတ်သော အချိန်တွင် မောင်စည်သူက သူ့တစ်ကိုယ်တော် ပထမဦးဆုံးပွဲဦးထွက်ဝတ္ထုတိုစုစည်းမှုလေးကို ကလေးဝတ္ထုတိုလေးများဖြင့် တာထွက်လာသည်။ ကျွန်တော်ကတော့ ဤစာအုပ် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုသည်ထက် မောင်စည်သူ၏ နှလုံးသားကို ဖတ်မိသည်ဟု ဆိုရလိမ့်မည်။

ကလေးဟူသည် သူကျင်လည်ရာဝန်းကျင်မှစ၍ သူရှင်သန်နေထိုင်ရာ ကမ္ဘာလောကကြီးတစ်ခုလုံး၏အနာဂတ်ဖြစ်သည်။ ဤကလေးငယ်များ၏ အနာဂတ်လှပစိုပြည်မှ၊ လုံခြုံမှ အနာဂတ်ကမ္ဘာကြီးသည်လည်း အေးချမ်းသာယာမည်ဖြစ်သည်။ ဤကလေးများအပေါ် စေတနာထားခြင်းသည် အနာဂတ်ကမ္ဘာအပေါ် စေတနာထားခြင်းသာဖြစ်သည်။ ကမ္ဘာလောကကြီးကို အေးချမ်းသာယာဝပြောစေလိုသောစေတနာက မောင်စည်သူ၏ ရင်ဘတ်ထဲတွင် စိန်ရောင်၊ ပတ္တမြားရောင်ကဲ့သို့ အလျှံညီးညီး တောက်ပနေလိမ့်မည်။ ထိုစေတနာများ၏ ရောင်ပြန်ကို ရိုးအေးတည်ငြိမ်သော ကျွန်တော့်ညီငယ် မောင်စည်သူ (အဖျောက်) ရရှိခံစားနိုင်ပါစေဟူ၍သာ. . .

ချစ်ခင်လေးစားစွာဖြင့်. .

အရှုတ္တ